# ဗျူဟာ ၂၀၃၀

## ကြွယ်ဝသော
## အားလုံးပါဝင်သော
## ရင်ဆိုင်တုန့်ပြန်နိုင်စွမ်းရှိသော
## ရေရှည်တည်တံ့သော

အာရှပစိဖိတ်ဒေသ

# အဘယ့်ကြောင့် ADB အတွက် ဗျူဟာသစ် တစ်ခု ရေးဆွဲပါ သနည်း။

အာရှပစိဖိတ်ဒေသသည် လွန်ခဲ့သော နှစ်ပေါင်း ၅၀ အတွင်း ဆင်းရဲနွမ်းပါးမှု လျှော့ချရေး နှင့် စီးပွားရေးဆိုင်ရာ တိုးတက်မှုတို့တွင် ကြီးမားသည့် အောင်မြင်တိုးတက်မှုများရှိခဲ့သော်လည်း မပြီးပြတ်သေးသည့် ဖွံ့ဖြိုးရေး အစီအစဉ်များ ကျန်ရှိနေပါသေးသည်။ ဗျူဟာ ၂၀၃၀ သည် ၂၀၃၀ ခုနှစ်မတိုင်မီအထိ ဒေသ၏ ပြောင်းလဲလျက်ရှိသော လိုအပ်ချက်များကို တုန့်ပြန်ရန် လမ်းစဉ်တစ်ခု ချမှတ်ပေးပါသည်။

## ပြောင်းလဲလျက်ရှိနေသည့် အခြေအနေတစ်ရပ်

### စီးပွားရေး ဆွဲငင်မှု ဗဟို ရွှေ့လျားပြောင်းလဲလာခြင်း




အာရှပစိဖိတ်ဒေသသည် လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း

ကြီးထွားမှု အလျင်မြန်ဆုံး ဒေသဖြစ်သည်။

### အခြေခံအဆောက်အဦဆိုင်ရာ ကြီးမားသည့် လိုအပ်ချက်များ

တစ်နှစ်လျှင် $၁.၇ ထရီလီယံ



ဒေသအတွင်းရှိ အခြေခံအဆောက်အဦ လိုအပ်ချက်များကို

ဖြည့်ဆည်းရန် ၂၀၁၆ ခုနှစ် မှ ၂၀၃၀ ခုနှစ်အကြားတွင် လိုအပ်သည့် ပမာဏ

### ကျန်ရှိနေသေးသည့် ဆင်းရဲနွမ်းပါးမှု နှင့် မညီမျှမှု



ဒေသတွင်းရှိ

လူ ၃ ဦးလျှင် ၁ ဦး သည် -

တစ်နေ့လျှင် $၃.၂၀ အောက်တွင် နေထိုင်ကြပြီး

. . . ယင်းသည် လူဦးရေ ၁.၂၄ ဘီလီယံဖြစ်ပါသည်။

### မြို့ပြများ အလျင်အမြန်ပေါ်ပေါက်လာခြင်း

အာရှပစိဖိတ်ဒေသအတွင်းရှိ

မြို့ပြတွင်နေထိုင်သူဦးရေသည် အလျင်အမြန် တိုးပွားလာနေပါသည်။




### နည်းပညာတိုးတက်မှုသည်

ကုန်ထုတ်လုပ်နိုင်စွမ်းကို မြှင့်တင်ပေးသော်လည်း

အနာဂတ် အလုပ်အကိုင်များကို ထိခိုက်စေသည်။



### လူငယ် နှင့် သက်ကြီးရွယ်အို လူဦးရေ

အချို့သောနိုင်ငံများတွင် သက်ကြီးရွယ်အို ဦးရေသည် လျှင်မြန်စွာ တိုးလာနေသောကြောင့်

ဒေသတွင်းရှိ သက်ကြီးရွယ်အို ဦးရေ မြင့်တက်လာမည်ဟု ခန့်မှန်းထားပါသည်။




အခြားနိုင်ငံများတွင်မူ ငယ်ရွယ်သည့် လူဦးရေများရှိပြီး

ယင်းသည် အခွင့်အလမ်းများနှင့်တကွ အခက်အခဲများကို

ပေါ်ပေါက်လာစေနိုင်ပါသည်။



အသက် ၃၀ အောက်

၅၄%

အာရှပစိဖိတ်ဒေသတွင်

နေထိုင်ကြပါသည်။

### ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဖိအားများ နှင့် သဘာဝဘေးအန္တရာယ်များ



ကမ္ဘာပေါ်ရှိ သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ခြေ

အမြင့်မားဆုံးနိုင်ငံ ၁၀ နိုင်ငံအနက် ၇ နိုင်ငံ သည်

ADB ၏ အဖွဲ့ဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ ဖြစ်သည်။

(ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ ဆော်လမွန်ကျွန်းစုများ၊

အရှေ့တီမော၊ တုံဂါ၊ ဗနွားတူး)

## ADB ၏ ၂၀၃၀ မျှော်မှန်းချက်သည် အဘယ်နည်း။

ADB ၏ မျှော်မှန်းချက်သည် အလွန်အမင်းဆင်းရဲနွမ်းပါးမှုကို အဆုံးသတ်နိုင်ရေး ကြိုးပမ်းမှုများ ဆက်လက် လုပ်ဆောင်နေစဉ်အတွင်း ကြွယ်ဝသော၊ အားလုံးပါဝင်သော၊ ရင်ဆိုင်တုန့်ပြန်နိုင်စွမ်းရှိသော၊ ရေရှည် တည်တံ့သော အာရှပစိဖိတ်ဒေသတစ်ခု ဖော်ဆောင်နိုင်ရေးဖြစ်သည်။

---

**ကြွယ်ဝသော**

**အားလုံးပါဝင်သော**

**ရင်ဆိုင်တုန့်ပြန်နိုင်စွမ်းရှိသော**

**ရေရှည်တည်တံ့သော**

အာရှပစိဖိတ်ဒေသ

---

ADB သည် ဒေသအတွင်းရှိ အဆင်းရဲဆုံး နှင့် ထိခိုက်အလွယ်ဆုံး နိုင်ငံများကို ဆက်လက်ဦးစားပေးသွား မည်ဖြစ်သည်။

ADB သည် အဓိကဦးစားပေးနယ်ပယ်တစ်ရပ်အဖြစ် အခြေခံအဆောက်အအုံများတွင် ဆက်လက်အာရုံစူးစိုက်ကာ ပညာရေး၊ ကျန်းမာရေး နှင့် လူမှုရေးဆိုင်ရာ အကာအကွယ်ပေးရေးကဲ့သို့သော ကဏ္ဍများရှိ လုပ်ငန်းများကိုလည်း တိုးချဲ့သွားမည်ဖြစ်သည်။

## ADB သည် မည်သို့ တန်ဖိုးတိုးမြှင့်မည်နည်း။

ADB သည် အောက်ပါတို့မှတဆင့် တန်ဖိုးတိုးမြှင့်သွားမည်ဖြစ်သည်။

### ဘဏ္ဍာရေး

အခြားသော အရင်းအမြစ်များမှ ရန်ပုံငွေများကို ပြင်ဆင်စုဆောင်း နေစဉ်အတွင်း ကိုယ်ပိုင်ငွေကြေး ပံ့ပိုးမှုများကို ထောက်ပံ့ပေးခြင်း

### အသိပညာများ

ဒေသန္တရ အခြေအနေများနှင့် အံဝင်ခွင်ကျဖြစ်သော၊ သင်ခန်းစာများ ခွဲခြားသတ်မှတ် နိုင်သော၊ ကောင်းမွန်သော ကျင့်သုံးမှုများနှင့် ပုံစံတူ ကျင့်သုံးသော လက်တွေ့ တန်ဖိုးများတွင် အာရုံစူးစိုက်ခြင်း

### မိတ်ဖက်လုပ်ငန်းများ

ကွဲပြားစုံလင်သော မိတ်ဖက်များ နှင့် အကျိုးစီးပွားပတ်သက် ဆက်နွယ်သူများအကြား ဆွေးနွေးပွဲများ နှင့် ပူးပေါင်းဆောင်ရွက်မှုများကို အားပေးမြှင့်တင်ခြင်း

## ADB ၏ လုပ်ငန်းလည်ပတ်မှုများအား မည်သည့် အခြေခံမှုများဖြင့် လမ်းညွှန်သွားမည်နည်း။

**နိုင်ငံအလိုက် အာရုံစူးစိုက်သည့် ချဉ်းကပ်မှုနည်းလမ်းကို အသုံးပြုခြင်း**

အဖွဲ့ဝင် ဖွံ့ဖြိုးဆဲနိုင်ငံ (DMC) တစ်နိုင်ငံချင်းစီ၏ ဖွံ့ဖြိုးရေးဆိုင်ရာ သီးသန့်လိုအပ်ချက်များ နှင့် စိန်ခေါ်မှုများအတွက် အထူးရေးဆွဲထားသော ဖြေရှင်းမှုနည်းလမ်းများ ပေးအပ်ခြင်း

**ဆန်းသစ်သည့် နည်းပညာများ အသုံးပြုမှုကို အားပေးမြှင့်တင်ခြင်း**

လုပ်ငန်းလည်ပတ်မှုများတွင် အဆင့်မြင့် နည်းပညာများ အသုံးပြုနိုင်မည့် နည်းလမ်းများကို အားသွန်ခွန်စိုက် ရှာဖွေကာ DMC များထံသို့ စွမ်းရည်မြှင့်တင်ရေး အထောက်အပံ့များ ပေးအပ်ခြင်း

**ဘက်စုံပါဝင်သော ဖြေရှင်းမှုနည်းလမ်းများ ပေးအပ်ခြင်း**

ကဏ္ဍ နှင့် အကြောင်းအရာ အမျိုးမျိုးအနံ့ရှိ ကျွမ်းကျင်မှုများကို ပေါင်းစပ်ခြင်း နှင့် အများပြည်သူ နှင့် ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းလည်ပတ်မှုများအား ပေါင်းစပ်ခြင်း

---

## ADB အနေဖြင့် လုပ်ငန်းအပ်နှံသူများ၏ မတူကွဲပြားသော လိုအပ်ချက်များကို မည်သို့ ဖြေရှင်းဆောင်ရွက်ပေးမည်နည်း။

ADB သည် အောက်ပါ နိုင်ငံအုပ်စုများအတွက် ခွဲခြားသတ်မှတ်ထားသည့် ချဉ်းကပ်မှုနည်းလမ်းများကို အသုံးချသွားမည်ဖြစ်သည်။



ထိခိုက်လွယ်ပြီး ပဋိပက္ခ သက်ရောက်ခံထားရသည့် အခြေအနေများ

- အင်စတီကျူးရှင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး နှင့် အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ
- အရေးပါသော အခြေခံအဆောက်အဦ နှင့် လူမှုရေး ဝန်ဆောင်မှုများ
- ဦးတည်ချက်ထားသော လူမှုရေးဆိုင်ရာ ပံ့ပိုးကူညီမှုများ
- ရင်ဆိုင်တုန့်ပြန်နိုင်စွမ်းတည်ဆောက်ရန်၊ ပဋိပက္ခများ ဖြစ်ပေါ်စေသည့် အကြောင်းအရင်းများကို ဖြေရှင်းကာ ပြန်လည်သင့်မြတ်ရေး နှင့် ပြန်လည်တည်ဆောက်ရေးတို့ကို အားပေးမြှင့်တင်သည့် ကြိုးပမ်းမှုများ



ဖွံ့ဖြိုးဆဲ ကျွန်းနိုင်ငံငယ်များ

- ရာသီဥတုပြောင်းလဲမှု နှင့် လိုက်လျောညီထွေ ဖြစ်ဆင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့မှု နှင့် သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ခြေ စီမံခန့်ခွဲမှု
- ချိတ်ဆက်မှု နှင့် လက်လှမ်းမီမှု
- အင်စတီကျူးရှင်းများအား ခိုင်မာအားကောင်းစေခြင်း
- စီးပွားရေးဝန်းကျင်ကို ပိုမိုကောင်းမွန်စေပြီး ပုဂ္ဂလိကကဏ္ဍ ဦးဆောင်သည့် ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် ကြိုးပမ်းမှုများ

### ဝင်ငွေနည်းပါးသည့် နိုင်ငံများ နှင့် ဝင်ငွေ အလယ်အလတ် အနိမ့်ပိုင်း နိုင်ငံများ

- သဘာဝပတ်ဝန်းကျင်နှင့်ကိုက်ညီပြီး အားလုံးပါဝင်နိုင်သော အခြေခံအဆောက်အဦ
- လူမှုရေးဆိုင်ရာ ဝန်ဆောင်မှုများ နှင့် လူမှုရေးဆိုင်ရာ အကာအကွယ်ပေးခြင်း
- ရေရှည်တည်တံ့သော မြို့ပြဖော်ဆောင်ခြင်း
- ဖွံ့ဖြိုးမှုဆိုင်ရာ အသွင်ပြောင်းလဲခြင်း နှင့် ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ
- ပုဂ္ဂလိက ဖွံ့ဖြိုးတိုးတက်ရေး နှင့် ပြည်တွင်း အရင်းအမြစ်များ စုစည်းပြင်ဆင်ခြင်း

### ဝင်ငွေ အလယ်အလတ် အမြင့်ပိုင်း နိုင်ငံများ

- ငွေအရင်းအနှီးဈေးကွက်များသို့ လက်လှမ်းမီမှု
- အင်စတီကျူးရှင်းများ ခိုင်မာအားကောင်းစေခြင်း နှင့် သုတေသန စီမံကိန်းများ ဖော်ဆောင်ခြင်း
- ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းလည်ပတ်မှုများ
- ဒေသတွင်း အများပြည်သူဆိုင်ရာ ကုန်ပစ္စည်းများ၊ ရာသီဥတုပြောင်းလဲမှု၊ မြို့ပြဖော်ဆောင်ခြင်း၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်ခြင်း နှင့် ပေါင်းစည်းခြင်း နှင့် သက်ကြီးရွယ်အို ဦးရေ များပြားလာခြင်း

ADB သည် အဆိုပါ နိုင်ငံအုပ်စုများအတွင်း လိုအပ်ချက်ရှိနေသည့် နယ်ပယ်များ နှင့် ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်လွယ်မှုတို့ ရှိနေသည့် ဒေသဝယ်များအတွက် အထောက်အပံ့များ ဦးစားပေးသတ်မှတ်မည်ဖြစ်သည်။

# ADB သည် မည်သည့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ နယ်ပယ်များတွင် အာရုံစူးစိုက်သွားမည်နည်း။

ADB သည် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ဦးစားပေးကိစ္စရပ် ၇ ခုတွင် အာရုံစူးစိုက်သွားမည်ဖြစ်သည်။

### ကျန်ရှိနေသေးသည့် ဆင်းရဲနွမ်းပါးမှုကို ရင်ဆိုင်ဖြေရှင်းခြင်း နှင့် မညီမျှမှုများကို လျှော့ချခြင်း

လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး နှင့် လူမှုရေးဆိုင်ရာ အားလုံးပါဝင်ရေး၊ အရည်အသွေးမီ အလုပ်အကိုင်များ၊ ပညာရေး နှင့် သင်တန်းပို့ချခြင်း၊ ပိုမိုကောင်းမွန်သော ကျန်းမာရေး နှင့် လူမှုရေးဆိုင်ရာ အကာအကွယ်ပေးခြင်း

### ကျား/မရေးရာ တန်းတူညီမျှမှုရှိရေးအတွက် တိုးတက်မှု အရှိန်အဟုန်မြှင့်တင်ခြင်း

ကျား/မရေးရာ တန်းတူညီမျှရေးအတွက် အထောက်အပံ့များ တိုးချဲ့ခြင်း၊ အမျိုးသမီးများအား စီးပွားရေးဆိုင်ရာ လုပ်ပိုင်ခွင့်ပေးခြင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆုံးဖြတ်ချက် ချမှတ်ရေး နှင့် ခေါင်းဆောင်မှုတို့တွင် ကျား/မရေးရာ တန်းတူညီမျှရှိရေး၊ အမျိုးသမီးများအတွက် အချိန်ရှားပါးမှုကို လျှော့ချခြင်း၊ မမျှော်လင့်ထားသည့် ဖြစ်စဉ်များအတွက် အမျိုးသမီးများ၏ ရင်ဆိုင်တုန့်ပြန်နိုင်စွမ်းအား ခိုင်မာအားကောင်းစေခြင်း

### ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်ဖြေရှင်းခြင်း၊ ရာသီဥတု နှင့် သဘာဝဘေးအန္တရာယ် ရင်ဆိုင်တုန့်ပြန်နိုင်စွမ်း တည်ဆောက်ခြင်း နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့မှုတို့ကို မြှင့်တင်ခြင်း။

ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု နည်းပါးသည့် ဖွံ့ဖြိုးတိုးတက်ရေး၊ ရာသီဥတု နှင့် သဘာဝဘေးရင်ဆိုင်တုန့်ပြန်နိုင်စွမ်း တည်ဆောက်ရေး ချဉ်းကပ်မှုနည်းလမ်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့မှု၊ ရေ-အစားအစာ-စွမ်းအင် ဖူလုံရေးဆိုင်ရာ အပြန်အလှန်ဆက်စပ်နေမှုများ

### မြို့ကြီးများအား ပိုမိုနေချင့်စဖွယ်ဖြစ်စေရန် ဆောင်ရွက်ခြင်း

ဘက်စုံပါဝင်သော ဖြေရှင်းမှုနည်းလမ်းများ၊ မြို့ကြီးများအတွက် ရန်ပုံငွေများ၊ အားလုံးပါဝင်ပြီး ပူးပေါင်းဆောင်ရွက်သည့် မြို့ပြ စီမံကိန်းရေးဆွဲခြင်း၊ ရာသီဥတုဒဏ် ရင်ဆိုင်တုန့်ပြန်နိုင်စွမ်း နှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု

### ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး နှင့် စားနပ်ရိက္ခာ ဖူလုံရေးကို အားပေးမြှင့်တင်ခြင်း

ဈေးကွက် ချိတ်ဆက်မှု နှင့် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ တန်ဖိုးကွင်းဆက် ချိတ်ဆက်မှုများ၊ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ထုတ်လုပ်နိုင်စွမ်း နှင့် စားနပ်ရိက္ခာ လုံလောက်ရေး၊ အစားအစာဘေးကင်းရေး

### အုပ်ချုပ်ရေး နှင့် အင်စတီကျူးရှင်းဆိုင်ရာ စွမ်းရည်ကို ခိုင်မာအားကောင်းစေခြင်း

အများပြည်သူဆိုင်ရာ စီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲခြင်းများ နှင့် ဘဏ္ဍာရေးဆိုင်ရာ ရေရှည်တည်တံ့မှု၊ ဝန်ဆောင်မှုပေးအပ်ခြင်း၊ စွမ်းရည် နှင့် စံချိန်စံနှုန်းများ

### ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေး နှင့် ပေါင်းစည်းရေးကို အားပေးမြှင့်တင်ခြင်း

ချိတ်ဆက်မှု နှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိမှု၊ ဒေသတွင်း အများပြည်သူဆိုင်ရာ ကုန်ပစ္စည်းများ၊ ဘဏ္ဍာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသခွဲဆိုင်ရာ ပဏာမလုပ်ငန်းများ

## အချို့သော ဦးတည်ချက်များ . . .

(အစိုးရ နှင့် အစိုးရနှင့်မဆိုင်သော လုပ်ငန်းလည်ပတ်မှုများအပါအဝင် ၃နှစ်ကာလ ပျမ်းမျှအရွေ့တွင်) ၂၀၃၀ ခုနှစ် ရောက်ရှိချိန်တွင် ADB ၏ ကတိကဝတ်ပြုထားသော လုပ်ငန်းလည်ပတ်မှုများ၏ **အနည်းဆုံး ၇၅%** တွင် ကျား/မရေးရာ တန်းတူညီမျှမှုရှိရေးကို အားပေးမြှင့်တင်မည်ဖြစ်သည်။

(အစိုးရ နှင့် အစိုးရနှင့်မဆိုင်သော လုပ်ငန်းလည်ပတ်မှုများအပါအဝင် ၃နှစ်ကာလ ပျမ်းမျှအရွေ့တွင်) ၂၀၃၀ ခုနှစ် ရောက်ရှိချိန်တွင် ADB ၏ ကတိကဝတ်ပြုထားသော လုပ်ငန်းလည်ပတ်မှုများ၏ **အနည်းဆုံး ၇၅%** တွင် ရာသီဥတုပြောင်းလဲမှု လျှော့ချရေး နှင့် လိုက်လျောညီထွေပြင်ဆင်ခြင်းတို့ကို အားပေးမြှင့်တင်မည်ဖြစ်သည်။ ADB ၏ ကိုယ်ပိုင်အရင်းအမြစ်များမှ ရာသီဥတုဆိုင်ရာ ရန်ပုံငွေသည် **၂၀၁၉ - ၂၀၃၀ ကာလအတွက် $၈၀ ဘီလီယံ** သို့ရောက်ရှိမည်ဖြစ်သည်။

ထို့ပြင် ADB သည် အောက်ပါတို့တွင်လည်း အာရုံစူးစိုက်သွားမည်ဖြစ်သည်။

### ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းလည်ပတ်မှုများအား တိုးချဲ့ခြင်း

- ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းလည်ပတ်မှုများ၏ အဓိက ရည်မှန်းချက်အဖြစ် ဖွံ့ဖြိုးရေးဆိုင်ရာ အကျိုးသက်ရောက်မှုများကို ဖော်ဆောင်ခြင်း
- အကျိုးအမြတ်ရရှိနိုင်မှု နှင့် စီးပွားရေးအရ ရေရှည်တည်တံ့မှုကို သေချာစေခြင်း
- ဈေးကွက်သစ်များ နှင့် မဖွံ့ဖြိုးသေးသော ဈေးကွက်များအတွင်း ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းလည်ပတ်မှုများအား တိုးချဲ့စုံလင်စေခြင်း

### ဘဏ္ဍာရေးဆိုင်ရာ အရင်းအမြစ်များအား မြှင့်တင်ခြင်း နှင့် စုစည်းပြင်ဆင်ခြင်း

- နိုင်ငံများစွာပါဝင်သော မိတ်ဖက်အဖွဲ့အစည်းများ၊ နှစ်နိုင်ငံမိတ်ဖက်အဖွဲ့အစည်းများ နှင့် ပုဂ္ဂလိကကဏ္ဍ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာအားကောင်းစေခြင်း
- စီးပွားရေးဆိုင်ရာ အရင်းအမြစ်များ နှင့် အထူးအရင်းအမြစ်များမှ ငွေကြေးပံ့ပိုးမှုများ ရှာဖွေခြင်း
- အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများအား အသုံးပြုခြင်း၊ DMC များရှိ စီးပွားရေးပတ်ဝန်းကျင်ကို တိုးတက်ကောင်းမွန်စေခြင်း နှင့် DMC များ၏ ပြည်တွင်းအရင်းအမြစ်များ စုစည်းပြင်ဆင်ခြင်းကို မြှင့်တင်ခြင်း

### အသိပညာဆိုင်ရာ ဝန်ဆောင်မှုများကို ခိုင်မာအားကောင်းစေခြင်း

- အသိပညာများပေးအပ်သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ADB ၏ အခန်းကဏ္ဍကို ခိုင်မာအားကောင်းစေခြင်း
- ဆီလျော်မှုအရှိဆုံး ထုတ်ကုန်များ နှင့် ဝန်ဆောင်မှုများ ရရှိနိုင်စေရေးအတွက် DMC များနှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်ခြင်း
- သုတေသနလုပ်ငန်းတွင် တက်ကြွစွာ ပါဝင်ခြင်း၊ အရည်အသွေးမြင့်မူဝါဒ အကြံဉာဏ်များ ပေးအပ်ခြင်း၊ နှင့် DMC များ၏ အင်စတီကျူးရှင်းဆိုင်ရာ စွမ်းရည်ကို ခိုင်မာအားကောင်းစေခြင်း
- အဖွဲ့အစည်းအတွင်း နှင့် ဒေသအတွင်း အသိပညာများ ထုတ်လုပ်ခြင်း နှင့် မျှဝေခြင်း

## အချို့သော ဦးတည်ချက်များ.

. .

ADB ၏ ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းလည်ပတ်မှုများသည် ၂၀၂၄ ခုနှစ် ရောက်ရှိချိန်တွင် အရေအတွက်အားဖြင့် ADB ၏ လုပ်ငန်းလည်ပတ်မှုများ၏ သုံးပုံတစ်ပုံသို့ ရှိလာမည်ဖြစ်သည်။

# ADB သည် မည်သို့ ပိုမိုအားကောင်း၊ ပိုမိုကောင်းမွန်ပြီး ပိုမိုလျင်မြန်လာမည်နည်း။

ADB သည် ပိုမိုအားကောင်း၊ ပိုမိုကောင်းမွန်၊ ပိုမိုလျင်မြန်လာစေရန်အတွက် အောက်ပါတို့ကို လုပ်ဆောင်မည်ဖြစ်သည်။

- နိုင်မာအားကောင်းသော အရင်းအမြစ်အခြေခံတစ်ခုရှိကြောင်း သေချာစေခြင်း
- လူသားအရင်းအမြစ်များ မြှင့်တင်ခြင်း
- ဌာနေလုပ်ငန်းတာဝန်များမှတဆင့် နိုင်ငံအတွင်း ခိုင်မာအားကောင်းစွာ ဖြန့်ကျက်နိုင်စေခြင်း
- ယင်း၏ ထုတ်ကုန်များ နှင့် ကိရိယာများကို အဆင့်မြှင့်တင်ခြင်း
- စီးပွားရေးလုပ်ငန်းစဉ်များအား ခေတ်မီတိုးတက်စေခြင်း နှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ထိရောက်မှုကို တိုးမြှင့်ခြင်း
- ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကို မြှင့်တင်ခြင်း
- အချိန်နှင့်တပြေးညီဖြစ်ပြီး ကုန်ကျစရိတ်နှင့် ထိုက်တန်သော ပစ္စည်းဝယ်ယူမှုကို သေချာစေခြင်း
- နိုင်ငံစနစ်များ အသုံးပြုမှုကို တိုးမြှင့်ခြင်း
- အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာအားကောင်းစေခြင်း

## ဗျူဟာ ၂၀၃၀ အား စတင်လုပ်ငန်းလည်ပတ်စေခြင်း

ဗျူဟာ ၂၀၃၀ အား စတင်လုပ်ငန်းလည်ပတ်စေရန်အတွက် ADB သည်

- ဦးစားပေးနယ်ပယ် ၇ ခုအတွက် လုပ်ငန်းလည်ပတ်မှု အစီအစဉ်များ ရေးဆွဲခြင်း
- နိုင်ငံတော်အဆင့်တွင် ဦးစားပေးလုပ်ငန်းများကို ပိုမိုအဆင့်မြှင့်တင်ရန်အတွက် နိုင်ငံတော်အဆင့် ပူးပေါင်းဆောင်ရွက်မှု ဗျူဟာကို အသုံးပြုခြင်း
- လုပ်ငန်းအစီအစဉ် နှင့် ဘက်ဂျက်မူဘောင်တို့အား ခိုင်မာအားကောင်းစေကာ နှစ်စဉ် လုပ်ငန်းအစီအစဉ် နှင့် အရင်းအမြစ်များ စုဆောင်းခြင်းတို့အား လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ဦးစားပေးလုပ်ငန်းများနှင့် ချိန်ကိုက်ခြင်း
- လုပ်ငန်းရလဒ်မူဘောင်သစ်တစ်ခုကို ရေးဆွဲခြင်း
- ရလဒ်များဆိုင်ရာ မူဘောင်ကိုအသုံးပြုကာ အင်စတီကျူးရှင်းဆိုင်ရာ စွမ်းဆောင်ရည်ကို နှစ်စဉ်ဆက်လက် အစီရင်ခံတင်ပြခြင်းတို့ကို လုပ်ဆောင်မည်ဖြစ်သည်။

ADB သည် ဗျူဟာ ၂၀၃၀ အား ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် အဖွဲ့အစည်းအတွင်းရှိ အသိပညာများ နှင့် ကျွမ်းကျင်မှုများကို အတူတကွ ပေါင်းစည်းခြင်းဖြင့် "One ADB" ချဉ်းကပ်မှုနည်းလမ်းကို ပြဌာန်းမည်ဖြစ်သည်။

စာတမ်းအပြည့်အစုံကို www.adb.org/strategy2030 တွင်ရရှိနိုင်ပါသည်။

ADB သည် ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းလည်ပတ်မှုများရှိ ၁ ဒေါ်လာတိုင်းတွင် ရေရှည် ပူးတွဲငွေကြေးပံ့ပိုးမှု ၂.၅၀ ဒေါ်လာဖြင့် ချိတ်ဆက်ဆောင်ရွက်ကာ ၂၀၃၀ ခုနှစ်ရောက်ရှိချိန်တွင် ရေရှည်ပူးတွဲငွေကြေးပံ့ပိုးမှု သိသိသာသာ တိုးတက်လာစေရန် ဦးတည်ဆောင်ရွက်မည် ဖြစ်သည်။

# ဗျူဟာ ၂၀၃၀

*ကြွယ်ဝသော၊ အားလုံးပါဝင်သော၊ ရင်ဆိုင်တုန့်ပြန်နိုင်စွမ်းရှိသော၊ ရေရှည်တည်တံ့သော အာရှပစိဖိတ်ဒေသတစ်ခု ဖော်ဆောင်ခြင်း*

အာရှပစိဖိတ်ဒေသသည် လွန်ခဲ့သည့် နှစ် ၅၀ အတွင်း ဆင်းရဲနွမ်းပါးမှု လျှော့ချရေး နှင့် စီးပွားရေးတိုးတက်မှုတို့တွင် များစွာ တိုးတက်အောင်မြင်မှုရရှိခဲ့ပါသည်။ အာရှဖွံ့ဖြိုးရေးဘဏ်သည် ဒေသ၏ အသွင်ကူးပြောင်းရေးတွင် အဓိက မိတ်ဖက်အဖွဲ့အစည်းတစ်ရပ်ဖြစ်ခဲ့ပြီး ဒေသ၏ ရှေ့ဆက်ဖွံ့ဖြိုးတိုးတက်မှုအဆင့်တွင်လည်း ဆက်လက်အကူအညီ ပေးရန် ကတိကဝတ်ပြုထားပါသည်။ ဗျူဟာ ၂၀၃၀ သည် ဒေသ၏ ပြောင်းလဲလျက်ရှိနေသည့် လိုအပ်ချက်များကို ထိရောက်စွာ တုန့်ပြန်နိုင်ရန်အတွက် ADB ၏ ကြိုးပမ်းမှုများအတွက် လမ်းစဉ်ချမှတ်ပေးပါသည်။ ဗျူဟာ ၂၀၃၀ ၏ အောက်တွင် ADB သည် ကြွယ်ဝသော၊ အားလုံးပါဝင်သော၊ ရင်ဆိုင်တုန့်ပြန်နိုင်စွမ်းရှိသော၊ ရေရှည်တည်တံ့သော အာရှပစိဖိတ်ဒေသတစ်ခု ဖော်ဆောင်စဉ်တွင် အလွန်အမင်း ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေး ကြိုးပမ်းမှုများကို ဆက်လက်ထိန်းသိမ်းထားကာ ယင်း၏ ရည်မှန်းချက်ကို တိုးချဲ့သွားမည်ဖြစ်သည်။

## အာရှဖွံ့ဖြိုးရေးဘဏ်အကြောင်း

ADB သည် အလွန်အမင်း ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေး ကြိုးပမ်းမှုများကို ဆက်လက်ထိန်းသိမ်းထားကာ ကြွယ်ဝသော၊ အားလုံးပါဝင်သော၊ ရင်ဆိုင်တုန့်ပြန်နိုင်စွမ်းရှိသော၊ ရေရှည်တည်တံ့သော အာရှပစိဖိတ်ဒေသကို ဖော်ဆောင်ရန် ကတိ ကဝတ်ပြုထားပါသည်။ ADB အား ၁၉၆၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ဒေသတွင်းမှ ၄၈ နိုင်ငံအပါအဝင် အဖွဲ့ဝင် ၆၇ နိုင်ငံမှ ပိုင်ဆိုင်ပါသည်။ ယင်း၏ အဖွဲ့ဝင်ဖွံ့ဖြိုးဆဲနိုင်ငံများအား အကူအညီပေးရေး အတွက် အဓိက ကိရိယာများမှာ မူဝါဒဆိုင်ရာ ဆွေးနွေးပွဲများ၊ ချေးငွေများ၊ ရှယ်ယာရင်းနှီးမြှုပ်နှံမှုများ၊ အာမခံများ၊ ထောက်ပံ့ငွေများ နှင့် နည်းပညာပံ့ပိုးမှုများ ဖြစ်ပါသည်။

© ၂၀၁၈ ခုနှစ် အာရှဖွံ့ဖြိုးရေးဘဏ်
အခွင့်အရေးများအားလုံး ခွင့်ပြုထားပြီး။
http://www.adb.org/publications/corrigenda
ထုတ်ဝေမှု အမှတ်စဉ် ARM189481-3

Recycle ပြုလုပ်ထားသော စာရွက်ပေါ်တွင် ပုံနှိပ်ထားခြင်းဖြစ်သည်။